မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၉ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်<br>( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

**နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (National Economic Co-ordination Committee) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အနေဖြင့် တည်ငြိမ်အားကောင်းသော စီးပွားရေးမူဝါဒတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် ကုန်သွယ်ရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ နှင့် စက်မှုကဏ္ဍများ၏ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များရှိနေခြင်းကို ကဏ္ဍအသီးသီး၏မူဝါဒများအား အချိုးညီချိတ်ဆက်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် **"နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (National Economic Co-ordination Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးကျော်ဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဆက်အောင်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးမင်း<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ဦးခင်အေး<br>ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |

(စ) ဒေါ်ခင်စန်းလှိုင် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

(ဆ) ဦးဟန်သာမြင့် အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ဇ) ဦးမျိုးမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)
(ယခင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(ဈ) ဦးစိုးဝင်း အဖွဲ့ဝင်
Partner, Deloitte Myanmar Association

(ည) ဦးဘိုဘိုငယ် အဖွဲ့ဝင်
ဌာနမှူး
သုတေသနနှင့် ဆုံးရှုံးနိုင်ခြေရှိမှုစီမံခန့်ခွဲရေးဌာန
ကမ္ဘောဇဘဏ်လီမိတက်

(ဋ) ဒေါက်တာစန္ဒာဦး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂။ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသည့် / ဆောင်ရွက်ရန်ရှိသည့် မူဝါဒများ၊ မူဝါဒအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြံပေးအဖွဲ့ (Think Tank) မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီရယူရန်။

(ခ) မူဝါဒများ၊ မူဝါဒအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာများအပေါ်မူတည်၍ ကုန်သွယ်ရေးမူဝါဒ၊ ငွေရေးကြေးရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကိုသုံးသပ်ရန်။

(ဂ) နိုင်ငံတော်၏ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်သင့်သည့်မူဝါဒများ သတ်မှတ်ရန်။

(ဃ) အကောင်အထည်ဖော်မည့် ဦးစားပေးမူဝါဒများ၏ မဟာဗျူဟာ၊ နည်းဗျူဟာများ သတ်မှတ်ရန်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့မှ အခါအားလျော်စွာပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရန်။

(စ) ကော်မတီအစည်းအဝေးကို လစဉ်ကျင်းပရန်။

(ဆ) ကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒများအလိုက်တင်ပြရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် )

## ပြည်ထောင်စုအင်္ဂါစဉ်သတ်မှတ်ခြင်း

၁။ နိုင်ငံတော်အခမ်းအနားများနှင့် နိုင်ငံတော်သမ္မတဦးဆောင်သော အစည်းအဝေးများပြုလုပ်ရာတွင် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း စနစ်တကျ ရှိစေရေးနှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအင်္ဂါစဉ်ကို ပူးတွဲပါအတိုင်း သတ်မှတ်လိုက်သည်။

၂။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအဂ္ဂါစဉ်

**ပူးတွဲ**

| | |
|---|---|
| ၁ | နိုင်ငံတော်သမ္မတ |
| ၂ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် |
| ၃ | ဒုတိယသမ္မတ(၁) |
| ၄ | ဒုတိယသမ္မတ(၂) |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ* |
| ၆ | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ* |
| ၇ | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၈ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၉ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ |
| ၁၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ |
| ၁၁ | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၁၂ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၁၃ | အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၁၄ | ပြည်ထောင်စုဝန်ကြီးများ |
| ၁၅ | ပြည်ထောင်စုရှေ့နေချုပ် |
| ၁၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| ၁၇ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ |
| ၁၈ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ |
| ၁၉ | ဝန်ကြီးချုပ်များ |
| ၂၀ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ |
| ၂၁ | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) |
| ၂၂ | တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးများ |
| ၂၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ |
| ၂၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ |
| ၂၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ |
| ၂၆ | ဥပဒေကြမ်းကော်မတီ |
| ၂၇ | ပြည်သူ့ငွေစာရင်းကော်မတီ |
| ၂၈ | လွှတ်တော်အခွင့်အရေးကော်မတီ |
| ၂၉ | အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ |
| ၃၀ | တိုင်းမှူးများ |
| ၃၁ | ဒုတိယဝန်ကြီးများ |
| ၃၂ | ဒုတိယရှေ့နေချုပ် |
| ၃၃ | ဒုတိယစာရင်းစစ်ချုပ် |
| ၃၄ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ |
| ၃၅ | နေပြည်တော်ကောင်စီဝင်များ |
| ၃၆ | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ |
| ၃၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌများ |
| ၃၈ | ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ |

**မှတ်ချက်။ *ပြည်ထောင်စုလွှတ်တော်နာယကရာထူးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပသည့် အစည်းအဝေးကာလအတွက်သာဖြစ်သဖြင့် ပြည်ထောင်စုအဂ္ဂါစဉ်အရ အကျုံးမဝင်ပါ။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက် )

**ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities) ဖွဲ့စည်းခြင်း**

၁။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့် ပျူမြို့ဟောင်း (၃) မြို့တို့တွင် လက်ရှိဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များအား မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စီမံချက်များကြောင့် ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဒေသအလိုက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် **"ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဃ) ဝန်ကြီး<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(င) ဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| ( ဈ ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ည ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဏ ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( တ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ထ ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | အတွင်းရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ပ ) | အတွင်းရေးမှူး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဖ ) | အတွင်းရေးမှူး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဗ ) | ကျောင်းအုပ်ကြီး<br>ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဘ ) | ညွှန်ကြားရေးမှူး (ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ)<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(မ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ရ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ၏ ရေရှည်စီမံခန့်ခွဲမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို UNESCO နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချမှတ်ထားသော မူ၊ ဘောင်၊ သတ်မှတ်ချက်၊ အကြံပြုချက်တို့နှင့် လိုက်လျောညီထွေဖြစ်စေရန် ဦးဆောင်လမ်းပြမှုတို့ကို ဆောင်ရွက်ရန်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများထိန်းသိမ်းရေးအတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးရန်၊ ဒေသအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးရန် ဝန်ကြီးဌာနများမှ လိုအပ်သောပညာရှင်များ၊ အချက်အလက်များ၊ မြေပုံများရရှိရေးအတွက် ညှိနှိုင်းပေးရန်။

(ဂ) နိုင်ငံတော်သမ္မတရုံး၏ ဆုံးဖြတ်မှု၊ ခွင့်ပြုမှုများလိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီတင်ပြရန်။

(ဃ) လိုအပ်သောအမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့၌ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆက်စပ်မှုတို့နှင့် ပတ်သက်သော စီမံခန့်ခွဲမှု၊ ဦးဆောင်မှုကိုပေးရန်။

(င) ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းမှုပြဋ္ဌာန်းသည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး သတ်မှတ်ချက်များ Criterions on Statement of Outstanding Universal Value (SOUV) နှင့် ကိုက်ညီစေရန်အတွက် မူဝါဒချမှတ်ပေးရန်။

(စ) ပျူမြို့ဟောင်း (၃) မြို့တွင် လက်ရှိဆောင်ရွက်လျက်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များအားမြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စီမံချက်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဒေသအလိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်ဒေသခံများ လိုက်နာစေရန်အတွက်ကြီးကြပ်ဆောင်ရွက်ပေးရန်။

(ဇ) UNESCO နှင့်ဆက်စပ်အဖွဲ့အစည်းမှ စစ်ဆေးမည့်အဖွဲ့များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များအဖွဲ့လာရောက်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ရေး ဒေသအဆင့်တာဝန်ခံများနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပေးရန်။

(စျ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုဖြစ်၍အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေတိုက်တာအဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကိုထိန်းသိမ်းကန့်သတ်ပေးရန်။

(ည) ပျူမြို့ဟောင်း (၃) မြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည့်လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းများရေးဆွဲခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆောင်ရွက်ရန်။

(ဋ) World Heritage Center က သတ်မှတ်ထားချက်များ၊ ရေးဆွဲထားသည့် Management Plan ဆိုင်ရာ အချက်အလက်များ လိုက်နာရေး၊ ဖောက်ဖျက်ကျူးလွန်မှုများကို ညှိနှိုင်းစိစစ်တားမြစ်ရေး ကိစ္စများ ဆောင်ရွက်ရန်။

(ဌ) နိုင်ငံတကာရှိ ကမ္ဘာ့အမွေအနှစ် Site များ၏ စံချိန်စံညွှန်းများနှင့်အညီ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းမှုတို့ သဟဇာတဖြစ်စေရေး စီမံဆောင်ရွက်ပေးရန်။

(ဍ) ရေတို၊ ရေရှည်စီမံချက်များရေးဆွဲ၍ Property Management Plan ပါ အချက်များ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## **နိုင်ငံတော်သမ္မတရုံး**
## **အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၆**
၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

### **လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီတွင် တွဲဖက်အတွင်းရေးမှူး ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ"** တွင် ဦးတင်မြင့် အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာနကို တွဲဖက်အတွင်းရေးမှူး အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## **နိုင်ငံတော်သမ္မတရုံး**
## **အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆**
၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် )

### **ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဆေးကုသရေးနှင့်သင်ကြားရေးဆေးရုံကြီးဖြစ်စေရေးအတွက် **"ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ခ) ဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) လူမှုရေးဝန်ကြီး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဃ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ
အမျိုးသားလွှတ်တော်

(စ) ပါမောက္ခဒေါက်တာကျော်မြင့် — အဖွဲ့ဝင်
ဝန်ကြီး (အငြိမ်းစား)

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ပါမောက္ခဒေါက်တာမောင်မောင်ဝင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)

(ည) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဋ) ဒုတိယအင်ဂျင်နီယာချုပ် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(ဌ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဎ) တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး — တွဲဖက်အတွင်းရေးမှူး (၁)
ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဏ) ဆေးရုံအုပ်ကြီး — တွဲဖက်အတွင်းရေးမှူး (၂)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန်။

(ခ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ ပြည်တွင်း/ပြည်ပ စေတနာရှင်အဖွဲ့အစည်းများ၏ အလှူငွေများဖြင့်လည်းကောင်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဂ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရန်။

(ဃ) နှစ်ပေါင်း (၁၀၀) ကျော်ပြီဖြစ်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မအဆောက်အဦ၏ ကြံ့ခိုင်မှုအခြေအနေကို သက်ဆိုင်ရာပညာရှင်များက လိုအပ်သောလေ့လာမှုများပြုလုပ်၍ ခေတ်မီနည်းပညာများဖြင့် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်။

(င) ဆေးရုံကြီး၏ ဝန်ဆောင်မှုနှင့် ကုသမှုပိုင်းဆိုင်ရာကိစ္စများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်။

(စ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်။

(ဆ) နိုင်ငံတကာအဆင့်မီ ဆေးကုသရေးနှင့်သင်ကြားရေးဆေးရုံကြီးဖြစ်စေရေးအတွက် နိုင်ငံတကာရှိ ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး
## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး/ဌာန** |
| --- | --- |
| (က) ဦးဝင်းတင့် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) ဦးဝင်းဖေ | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေစိစစ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင် ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

### မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်းကို ဖျက်သိမ်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၇/၂၀၁၃ ဖြင့် တာဝန်ပေးအပ်ခဲ့သော "မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်း" ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးမြင့်ဦး ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

**အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယရှေ့နေချုပ် | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) ကိုယ်စားလှယ် အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဖ) ကိုယ်စားလှယ် အဖွဲ့ဝင်
အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း

(ဗ) ကိုယ်စားလှယ် အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဘ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(မ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ မူဝါဒ) တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက်လိုအပ်သည့် အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်းနှင့် ကဏ္ဍအလိုက်မူဝါဒများတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် လမ်းညွှန်ခြင်း၊

(ဂ) အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သောအခြေခံမူများ၊ မဟာဗျူဟာများ၊ နှစ်တို၊ နှစ်ရှည်လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည် ဖော်နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဃ) ကဏ္ဍအလိုက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကဏ္ဍအလိုက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဗဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(စ) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်နိုင်ရေးနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) မြေအသုံးချမှုမှန်ကန်ရေး၊ သဘာဝသယံဇာတများရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဇ) သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ်ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ဆောင်ရွက်ခြင်း၊

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ ကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရန် လမ်းညွှန်ခြင်း၊

(ည) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျအသုံးချရေးဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဌ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဍ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဎ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာပတ်ဝန်းကျင် အရည်အသွေးကောင်းမွန်ရေးနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဏ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးအတွက် မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည် လုပ်ငန်းအစီအစဉ်များနှင့် လမ်းညွှန်ချက်များချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ထ) ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြခြင်းနှင့် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အငြင်းပွားမှုများ တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဓ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(န) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သောရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ၊ အိုဇုန်းဆိုင်ရာစသည့် အခြားသောကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်းသဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ပ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဖ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ်တည်ထောင်နိုင်ရေးအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲချမှတ်နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဗ) ပြည်တွင်း ပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဘ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များအရ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ နှစ်တို/နှစ်ရှည် လုပ်ငန်းစီမံကိန်းရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ညွှန်ကြားခြင်းနှင့်သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(မ) လိုအပ်သည့် ဗဟိုအဆင့်လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကြီးကြပ်မှုကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ယ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

## အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို လုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်သည့်ဌာနများပူးပေါင်း၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဈဈ) | ကိုယ်စားလှယ်<br>ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ညည) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဋဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ မူဝါဒ)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခခ) သက်ဆိုင်ရာကဏ္ဍများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ် ဆောင်ရွက်နိုင်ရန်အတွက် ပြောင်းလဲနေသည့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ်အခြေခံ၍ သင့်လျော်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒများနှင့် ကဏ္ဍအလိုက်မူဝါဒများတွင် ပတ်ဝန်းကျင်မူဝါဒများကို ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂဂ) အမျိုးသား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်သော အခြေခံမှုများ၊ မဟာဗျူဟာများ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရန် ကြီးကြပ်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လိုအပ်သော မူဝါဒများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း၊ အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများနှင့်ကိုက်ညီမှုရှိ/မရှိ စိစစ်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပြင်ဆင်ခြင်း၊ အကြံပြုချက်များ တင်ပြခြင်း၊

(ငင) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စံချိန်စံညွှန်းသတ်မှတ်နိုင်ရန် အခြားသက်ဆိုင်ရာကဏ္ဍများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စစ) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက် လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ လိုက်နာဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဆဆ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဇဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဈဈ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြခြင်းနှင့် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ညည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အငြင်းပွားမှုများ တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းခြင်း၊

(ဋဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဋဋ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဍဍ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ပပ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များ အရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ လုပ်ငန်းစီမံကိန်းရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက် များတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဏဏ) သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ ပူးပေါင်းမှု မြှင့်တင်ခြင်း၊

(တတ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(ခ) **စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှု ဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ကိုယ်စားလှယ်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဈဈ) | ကိုယ်စားလှယ်<br>တိုင်းဒေသကြီးနှင့်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (ညည) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း | အဖွဲ့ဝင် |

(ဍဍ) ကိုယ်စားလှယ် အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဌဌ) ကိုယ်စားလှယ် အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဃဃ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ပပ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
(ကာကွယ်ရေး၊ သယံဇာတ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ပတ်ဝန်းကျင် အရည်အသွေးထိန်းသိမ်းရေးနှင့် တိုးမြှင့်နိုင်ရေးအတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် သတ်မှတ်စံချိန်စံညွှန်းအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး အတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခခ) စက်မှုနှင့်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ် ချမှတ် ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးလုပ်ငန်းစဉ်ဆိုင်ရာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဂဂ) စက်မှုနှင့်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဃဃ) အမျိုးသားအဆင့်၊ မြို့တော်အဆင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့်ဓာတုဒြပ်ပစ္စည်း အပါအဝင် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ငင) စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်များ၊ လုပ်ငန်းအစီအစဉ်များရေးဆွဲနိုင်ရေးအတွက် စိစစ်သုံးသပ်တင်ပြခြင်း၊

(စစ) သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ သင့်လျော်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များ နှင့် တိုက်တွန်းချက်များ ပေးပို့နိုင်ရန် ပြုစုတင်ပြခြင်း၊

(ဆဆ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေး အတွက် မဟာဗျူဟာ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဇဇ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဈဈ) စက်မှုနှင့်မြို့ပြ ပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(ညည) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ဒြပ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများဆိုင်ရာ၊ အိုဇုန်းဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့် စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ မီနာမားတားကွန်ဗင်းရှင်း၊ မွန်ထရီယယ်ကွန်ဗင်းရှင်းနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများအရ အခြားသောကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဋဋ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## (ဂ) သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ

### (၁) ဖွဲ့စည်းခြင်း

| | | |
|---|---|---|
| (ကက) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဈဈ) | ကိုယ်စားလှယ်<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ညည) | ကိုယ်စားလှယ်<br>ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဋဋ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (ဌဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ကာကွယ်ရေး၊ သယံဇာတ)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးချခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုခြင်းဆိုင်ရာ နှစ်တို/နှစ်ရှည် လုပ်ငန်း အစီအစဉ်များနှင့် လမ်းညွှန်ချက်များ ရေးဆွဲတင်ပြခြင်း၊

(ခခ) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများနှင့် လမ်းညွှန်ချက်များချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဂဂ) သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူသုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ်ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး အတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဃဃ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေးမျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျအသုံးချရေးဆိုင်ရာ လမ်းညွှန်ခြင်း၊

(ငင) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၊ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်၊ ပတ်ဝန်းကျင်အုပ်ချုပ်မှု စီမံချက် များကို ကဏ္ဍအလိုက် သဘာဝသယံဇာတအခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ထည့်သွင်းပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(စစ) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ၊ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဆဆ) သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဇဇ) သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် သုံးသပ်အကြံပြုတင်ပြခြင်း၊

(ဈဈ) အစိုးရနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ မြေအသုံးချမှုကြောင့်ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များကို စိစစ်သုံးသပ်တင်ပြခြင်း၊

(ညည) မြေအသုံးချမှုဆိုင်ရာ လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ကိုထိခိုက်မည့်အခြေအနေ ရှိပါက ယင်းထိခိုက်မှုနှင့်အညီ အခြားသင့်လျော်သည့်နေရာတွင် ပြန်လည်ကုစား ပြုပြင်ပေးစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထည့်ဝင်စေရေး လမ်းညွှန်ချက်များချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း၊

(ဋဋ) အစိုးရနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြောင့် မြစ်ချောင်းများနှင့် ရေတိမ် ဒေသများအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဌဌ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဍဍ) ကော်မတီမှ ပေးအပ်သည့်အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(ဃ) **ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

(ကက) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခခ) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃဃ) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ငင) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(စစ) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆဆ) ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဇဇ) ကိုယ်စားလှယ် အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဈဈ) ကိုယ်စားလှယ် အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ညည) ကိုယ်စားလှယ် အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှရွေးချယ်ခြင်း

(ဋဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဌဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ မူဝါဒ) တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရန်နှင့်ကဏ္ဍအလိုက် အဆိုပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ခခ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာလုပ်ငန်းအစီအစဉ်ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂဂ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် သဘာဝသယံဇာတအခြေခံသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဃဃ) ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ သတင်းအချက်အလက်များကောက်ယူခြင်း၊ ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ရှေ့အလားအလာများခန့်မှန်းခြင်း လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ငင) ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(စစ) သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်သတိပေးခြင်းအပါအဝင် လိုအပ်သည့်အစီအမံများ ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဆဆ) ပြောင်းလဲလာသည့် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိစေမည့် မြို့ပြလူနေထိုင်မှုစနစ် တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဇဇ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဈဈ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ အိုဇုန်းဆိုင်ရာစသည့်အခြားသော ကွန်ဗင်းရှင်းများနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ညည) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များ ဆန်းစစ်ခြင်း၊ အကူအညီများရယူခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဋဋ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဌဌ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဍဍ) ကော်မတီမှ ပေးအပ်သည့်အခြားလုပ်ငန်းတာဝန်များ။

( င) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |

(စစ) ကိုယ်စားလှယ်　　အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ရွေးချယ်ခြင်း

(ဆဆ) ကိုယ်စားလှယ်　　အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း

(ဇဇ) ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဈဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ မူဝါဒ)　　တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ခခ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များဆန်းစစ်ခြင်းနှင့် အစီအစဉ်များရေးဆွဲနိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂဂ) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ဘွဲ့ကြို၊ ဘွဲ့လွန်ပညာတော်သင်များ စေလွှတ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဃဃ) စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ငင) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများအား ကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(စစ) ကျောင်းသင်ခန်းစာများတွင်ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလိုပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်း၊

(ဆဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လိုအပ်သောအဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဇဇ) ကော်မတီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ထုတ်ပြန်ကြေညာခြင်းကိစ္စများ ဆောင်ရွက်ခြင်း၊

(ဈဈ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ညည) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဋဋ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ။

(စ) **အစိမ်းရောင်စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ်<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများမှရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ဈဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ကာကွယ်ရေး၊ သယံဇာတ)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ခြင်း၊

(ခခ) အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် မက်လုံးပေးအစီအမံများ၊ နည်းလမ်းများရေးဆွဲ အကြံပြုတင်ပြခြင်း၊

(ဂဂ) မူဘောင်နှင့်လုပ်ငန်းအစီအစဉ်ပါ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများတွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့် ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ငင) အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာအကူအညီများရရှိနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စစ) စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဆဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဇဇ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဈဈ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် )

**မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၈ ခုနှစ်၊ လ ရက်
( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည် -

(က) မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ရှိနေသည့် မြန်မာသင်္ဘောများ၊

(ခ) နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင်လည်းကောင်း၊ ပြည်ပဆိပ်ကမ်းတစ်ခုခုတွင်လည်းကောင်း ရောက်ရှိနေသည့် မြန်မာသင်္ဘောများ၊

(ဂ) မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ရောက်ရှိနေသည့် နိုင်ငံခြားသင်္ဘောများ။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သင်္ဘော**ဆိုသည်မှာ စက် သို့မဟုတ် စွမ်းအားတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ ရေကြောင်းတွင် အသုံးပြုသည့် ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ရေယာဉ်တစ်မျိုးမျိုးလည်း ပါဝင်သည် -

(၁) သောင်တူး သင်္ဘော၊ ရွေ့လျားဝန်ချီသင်္ဘော (Floating crane)၊

(၂) ရေကြောင်းတွင်သာ အဓိကအသုံးပြုသော ရေပြင်ပေါ် ရှပ်ပြေးလေယာဉ် (air-cushion) သို့မဟုတ် အခြားအလားတူ ရေယာဉ်၊

(၃) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ပင်လယ်ရေအောက်သယံဇာတများ သုတေသနပြုလုပ်ခြင်း၊ တိုင်းတာခြင်း၊ ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းသုံးရေယာဉ်တစ်မျိုးမျိုး၊

(၄) ရေပေါ်လွန်းကျင်း (floating dock)၊ ရေပေါ်ဟိုတယ် (floating hotel)၊ ပင်လယ်ရေအောက် ကြေးနန်းကြိုး အတင်အချရေယာဉ် (cable laying vessel) နှင့် အခြားအလားတူပစ္စည်း ကိရိယာဆိုင်ရာ ရေယာဉ်များ၊

(၅) ရွေ့လျားကမ်းလွန်လုပ်ငန်း ယူနစ်များ (Off - Shore Industry Mobile Units)၊ လုပ်ငန်းသုံး ပင်လယ်ပြင်စင်မြင့် (Platform)၊

(၆) အပျော်စီး ရေယာဉ်၊ ရေငုပ်သင်္ဘော၊ ငါးဖမ်းသင်္ဘောနှင့် ရွက်သင်္ဘော၊

(၇) ခရီးသည်တင် သင်္ဘောနှင့် ကုန်တင်သင်္ဘောတစ်မျိုးမျိုး၊

(၈) အစိုးရသင်္ဘော၊ စစ်သင်္ဘော၊

(၉) ပင်လယ်ရေအောက် ကျောက်တုံးများ ဖယ်ရှားရေးသင်္ဘော (boulder - removal vessel)၊

(၁၀) ဆယ်တင်ရေးသင်္ဘော၊ တွန်းသော၊ တွဲသော သို့မဟုတ် ဆွဲသော သင်္ဘောတစ်မျိုးမျိုး၊

(၁၁) သင်္ဘောဖြင့် တွန်းသော၊ တွဲသော သို့မဟုတ် ဆွဲသော စက်မဲ့ကုန်တွဲနှင့်ရေနံတွဲရေယာဉ်တစ်မျိုးမျိုး၊

(၁၂) တည်ဆောက်ဆဲ သင်္ဘော။

(ဂ) **မြန်မာသင်္ဘော**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန်သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့်အပြင် ဤဥပဒေအရ မှတ်ပုံမတင်မနေရ တင်ရန်တာဝန်အရမှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန်တာဝန်ရှိသော သင်္ဘောကိုလည်းကောင်း၊ မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ အကျိုးတူ ဖက်စပ်ကုမ္ပဏီပိုင်သင်္ဘော သို့မဟုတ် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းပိုင်သင်္ဘောကို လည်းကောင်း ဆိုသည်။

(ဃ) **နိုင်ငံခြားသင်္ဘော**ဆိုသည်မှာ ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသောသင်္ဘောကို ဆိုသည်။

(င) **သင်္ဘောငယ်**ဆိုသည်မှာ မှတ်ပုံတင်အလျား ၂၄ မီတာအောက်ငယ်သော ရေယာဉ်နှင့် ဝန်ကြီးဌာနက သင်္ဘောငယ်ဟု သတ်မှတ်သော အခြားရေယာဉ်ကို ဆိုသည်။

(စ) **သင်္ဘောပိုင်ရှင်**ဆိုသည်မှာ ရေကြောင်းတွင် စီးပွားရေးအလို့ငှာ အသုံးပြုသော သင်္ဘောကို ပိုင်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် သင်္ဘောပိုင်ရှင်ထံမှ တာဝန်ယူထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ် တင်ရှိမည့်တာဝန်နှင့် ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးဖြစ်သော ထိုသင်္ဘောပိုင်ရှင်က တာဝန်ပေးအပ်ထားသည့် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများပါဝင်သည် -

(၁) သင်္ဘောကို စီမံခန့်ခွဲအုပ်ချုပ်သူနှင့် ယင်း၏ကိုယ်စားလှယ်၊

(၂) သင်္ဘောစင်းလုံး ငှားရမ်းလုပ်ကိုင်သည့် သို့မဟုတ် အကျိုးတူ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ။

(ဆ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာသင်္ဘောအဖြစ်မှတ်ပုံတင်ပြီး ဤဥပဒေအရ ဦးစီးဌာနက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း မပြုမီ လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဦးစီးဌာနက ယာယီအားဖြင့် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဈ) **လုံးပေါင်းတန်ချိန် (Gross Tonnage)** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် မြန်မာကုန်သည် သင်္ဘောဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းတာ၍ တွက်ချက်ထားသော သင်္ဘောအရွယ်အစားကို ဖော်ညွှန်းသည့် ယူနစ်ကို ဆိုသည်။

(ည) **မှတ်ပုံတင်အလျား**ဆိုသည်မှာ သင်္ဘော၏ရောမ ပင်မကုန်းပတ်အထိ တိုင်းတာရရှိသော အနည်းဆုံးစောက်၏ ၈၅ ရာခိုင်နှုန်းအမြင့်တွင်ရှိပြီး သင်္ဘော၏ဧရာမျဉ်းနှင့် အပြိုင်ဖြစ်သော ရေစပ်မျဉ်းတစ်လျှောက် စုစုပေါင်းအလျား၏ ၉၆ ရာခိုင်နှုန်းဖြစ်သည့် အလျားနှင့် ဖော်ပြပါ ရေစပ်မျဉ်းတစ်လျှောက် သင်္ဘော၏ဦးပိုင်းနှာဖျားမှ တက်မတိုင်လုံးပတ်အလယ်ထိ တိုင်းတာ ရရှိသော အလျားနှစ်ခုတို့အနက်မှ များသောအလျားကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မြန်မာသင်္ဘောများကို မှတ်ပုံတင်ရန်အလို့ငှာ ဤဥပဒေအရ ခန့်ထားသော အရာရှိကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဎ) **အဖွဲ့အစည်း**ဆိုရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ အသင်း၊ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းတို့ ပါဝင်သည်။

(ဏ) **တိုင်းတာစစ်ဆေးရေးမှူး**ဆိုသည်မှာ သင်္ဘောများကိုမှတ်ပုံတင်ရေးအတွက် လိုအပ်သော စစ်ဆေးမှုများဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(တ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ရေယာဉ်ခုတ်မောင်းသွားလာခွင့် လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သော စစ်ဆေးမှုများဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေများနှင့်အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသတ်မှတ်ထားသော ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်္ဘောများကို စနစ်တကျမှတ်ပုံတင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံသားပိုင် သင်္ဘောများသာမက မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းထားသည့် အကျိုးတူဖက်စပ်ကုမ္ပဏီကပိုင်ဆိုင်သော သင်္ဘောများနှင့် နိုင်ငံခြားသားပိုင် သင်္ဘောများကိုပါ နိုင်ငံတော်အလံလွှင့်ထူခွင့်ပြုသည့် သင်္ဘောအဖြစ် မှတ်ပုံတင်ပေးနိုင်ရန်၊

(ဂ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခများ တိုးမြှင့်ရရှိရန်နှင့် မြန်မာပင်လယ်ကူးသင်္ဘောသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊

(ဃ) အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးအတွက် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် မြန်မာသင်္ဘောများ ပိုမိုပါဝင်၍ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် မြန်မာပို့ကုန်သွင်းကုန်များ ပို၍လျင်မြန်ချောမွေ့လာစေရန်၊

(င) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောများကို ဤဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေများနှင့်အညီ ခုတ်မောင်းသွားလာမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုနိုင်ရန်။

## အခန်း (၃)
## မှတ်ပုံတင်အရာရှိ ခန့်အပ်တာဝန်ပေးခြင်းနှင့် မှတ်ပုံတင်ဆိပ်ကမ်း

၅။ ဦးစီးဌာနသည် ဤဥပဒေအရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဦးစီးဌာနမှ ကျွမ်းကျင်သည့်အရာရှိတစ်ဦးဦးကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှ အရာရှိများကိုလည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်းပြီး လွှဲအပ်တာဝန်ပေးထားသည့် အရာရှိများကိုလည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၆။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သည့် ပင်မဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်းဖြစ်သည်။ ထို့ပြင် မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သည့် အခြားဆိပ်ကမ်းများကိုလည်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

## အခန်း (၄)
## မှတ်ပုံတင်ရန် တာဝန်ရှိသည့် သင်္ဘောများ

၇။ ပြည်တွင်းရေကြောင်းတွင်ဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းတွင်ဖြစ်စေ၊ မြန်မာ့ရေပြင်တွင်ဖြစ်စေ အသုံးပြုသည့် အောက်ဖော်ပြပါ သင်္ဘောတစ်စီးစီးသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် -

(က) ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ၊ တစ်မျိုးမျိုးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် -

(၁) လုံးပေါင်းတန်ချိန် ငါးတန် သို့မဟုတ် မှတ်ပုံတင်အလျား ခုနစ်မီတာထက်ပိုသည့် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘော၊

(၂) လုံးပေါင်းတန်ချိန် သုံးတန် သို့မဟုတ် မှတ်ပုံတင်အလျား သုံးမီတာထက်ပိုသည့် ပြည်တွင်းရေကြောင်းသွားသင်္ဘော။

(ခ) နိုင်ငံတော်၌ အမြဲတမ်းနေထိုင်သော ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်ထားသော ကုမ္ပဏီပိုင်သင်္ဘောငယ်၊

(ဂ) အစိုးရသင်္ဘောနှင့် ကင်းလွတ်ခွင့်ပြုမထားသည့် စစ်သင်္ဘောများ၊

(ဃ) ငါးဖမ်းသင်္ဘောနှင့် အပျော်စီးသင်္ဘော၊

(င) ဤပုဒ်မအရ မှတ်ပုံတင်ရန်လိုအပ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အခြားသင်္ဘောအမျိုးအစားတစ်မျိုးမျိုး။

၈။ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ သင်္ဘောသည် မြန်မာ့ဆိပ်ကမ်းတစ်ခုခုကို အခြေပြု၍ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းတို့တွင် အသုံးပြုရန်အလို့ငှာ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် -

(က) လုံးပေါင်းတန်ချိန် နှစ်ရာနှင့် မှတ်ပုံတင်အလျား နှစ်ဆယ့်လေးမီတာထက်ပိုသည့် ပင်လယ်ရေကြောင်းသွားသင်္ဘော။

(ခ) ဤပုဒ်မအရ မှတ်ပုံတင်ရန် လိုအပ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အခြားသင်္ဘောအမျိုးအစားတစ်မျိုးမျိုး။

## အခန်း (၅)
## သင်္ဘောကို မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းများ

၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ မှတ်ပုံတင်ရန် တာဝန်ရှိသော မြန်မာနိုင်ငံသားပိုင်သင်္ဘောကို မှတ်ပုံတင်နိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီပိုင် သို့မဟုတ် မြန်မာနိုင်ငံသားပိုင် သင်္ဘောဖြစ်ခြင်း၊

(ခ) ဦးစီးဌာနကတာဝန်ပေးသည့် တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ် သို့မဟုတ် ဦးစီးဌာနကလက်ခံအသိအမှတ်ပြုသော နိုင်ငံခြားတိုင်းပြည်မှ တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ် (Certificate of Survey) အရ -

(၁) ပြည်တွင်းရေကြောင်းတွင်ဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် မြန်မာ့ရေပြင်တွင်ဖြစ်စေ၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင်ဖြစ်စေ အန္တရာယ်ကင်းရှင်းပြီး ကြံ့ခိုင်၍ လုံခြုံစိတ်ချစွာမောင်းနှင်နိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးအစီအစဉ်များကို လိုက်နာဆောင်ရွက်ထားသော သင်္ဘောဖြစ်ခြင်း၊

(၂) လုံးပေါင်းတန်ချိန် နှစ်ရာအောက်ရှိ သင်္ဘောများမှတစ်ပါး ပင်လယ်ရေကြောင်းသွား သင်္ဘောပေါ်တွင် သင်္ဘောသားများ၏လုံခြုံမှုကို စီမံထားရှိရမည်။ ထို့ပြင် သင်္ဘောသားများ၏ ကျန်းမာရေး၊ နေထိုင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများနှင့် သက်သာချောင်ချိမှုများကို လုံလောက်စွာ စီမံထားရှိပြီးဖြစ်ခြင်း၊

(၃) ကမ်းရိုးတန်းသွားသင်္ဘော၊ ပင်လယ်ရေကြောင်းသွားသင်္ဘောနှင့်မြန်မာ့ရေပြင်တွင် အသုံးပြုသော သင်္ဘောတို့ကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်းမပြုမီ သတ်မှတ်ထားသော ထင်ရှားမြင်သာသည့်နေရာတွင် သင်္ဘော၏ အမည်၊ လုံးပေါင်းတန်ချိန်နှင့် ရေစူး ပေ သို့မဟုတ် မီတာအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားပြီးဖြစ်ခြင်း၊

(၄) ပင်လယ်ရေကြောင်းသွား သင်္ဘောများအတွက် အပြည်ပြည်ဆိုင်ရာ တန်ချိန်အတိုင်းအတာဆိုင်ရာ ကွန်ဗင်းရှင်း (International Tonnage Convention, 1969) နှင့်အညီ စစ်ဆေး၍ ကျေနပ်ဖွယ်ရာ တွေ့ရှိပြီးဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားမှ တင်သွင်းသည့် သင်္ဘောဖြစ်ပါက နိုင်ငံခြားသင်္ဘောအဖြစ် မှတ်ပုံတင်လက်မှတ် ရရှိထားပြီးဖြစ်ခြင်း၊

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းများနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ခြင်း။

၁၀။ ပြည်ပမှ စင်းလုံးငှားရမ်းသည့် နိုင်ငံခြားသင်္ဘောကို မှတ်ပုံတင်ရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ ပါရှိသော အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ခြင်း၊

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့သည် နှစ်ဖက်သဘောတူ သင်္ဘောစင်းလုံးငှားရမ်းခြင်းစာချုပ်ကိုဖြစ်စေ၊ လူမပါသင်္ဘောငှားရမ်းခြင်း စာချုပ်ကိုဖြစ်စေ ချုပ်ဆိုပြီးဖြစ်ခြင်း၊

(ဂ) သင်္ဘောကို မူလမှတ်ပုံတင်ထားသည့် နိုင်ငံ၏အခွင့်အာဏာပိုင်ထံမှ သဘောတူညီချက်ရရှိပြီးဖြစ်ခြင်း၊

(ဃ) သင်္ဘောကို ပေါင်နှံထားခြင်းရှိလျှင် သင်္ဘောအပေါင်ခံသူနှင့်သင်္ဘောပိုင်ရှင်တို့၏ သဘောတူညီချက် ရရှိပြီးဖြစ်ခြင်း၊

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ နှင့် (ဃ) ပါ လိုအပ်ချက်များအပြင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းများနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ခြင်း။

၁၁။ (က) မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အကျိုးတူဖက်စပ်ကုမ္ပဏီပိုင်သင်္ဘောကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည်-

(၁) နိုင်ငံတော်တွင် ကုမ္ပဏီ၏ ပင်မရုံး သို့မဟုတ် ရုံးခွဲ တည်ထောင်ဖွင့်လှစ်ထားပြီး ဖက်စပ်ကုမ္ပဏီပိုင်သော သင်္ဘောဖြစ်ခြင်း၊

(၂) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ခြင်း၊

(၃) အကျိုးတူဖက်စပ်ကုမ္ပဏီပိုင်သင်္ဘော၏ ပိုင်ဆိုင်မှုအစုရှယ်ယာအချိုးအစားကို ဖော်ပြထားခြင်း၊

(၄) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာနိုင်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ သင်္ဘောပိုင်ဆိုင်မှုအချိုးအစားကို အစုရှယ်ယာ ၆၄ စုအပေါ် အခြေခံ၍ သတ်မှတ်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစုရှယ်ယာပိုင်ဆိုင်မှုအချိုးအစားကို ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းပိုင်သင်္ဘောကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန်လိုအပ်သည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ -

(၁) နိုင်ငံခြားကုမ္ပဏီအဖြစ် နိုင်ငံတော်တွင်မှတ်ပုံတင်ပြီး နိုင်ငံတော်တွင် ကုမ္ပဏီပင်မရုံး တည်ထောင်ဖွင့်လှစ်ပြီးဖြစ်ခြင်း၊

(၂) နိုင်ငံခြားကုမ္ပဏီ၏ ရုံးခွဲကို နိုင်ငံတော်တွင်မှတ်ပုံတင်၍ တည်ထောင်ဖွင့်လှစ်ပြီး နိုင်ငံတော်တွင် အမြဲတမ်းဌာနေကိုယ်စားလှယ် ခန့်ထားပြီးဖြစ်ရမည်။

(ဂ) သင်္ဘောကုမ္ပဏီမှာ သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်း ထည့်ဝင်ပြီးဖြစ်သည့်အပြင် သတ်မှတ်ထားသော မတည်ငွေရင်းပမာဏကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဘဏ်တွင် ငွေစာရင်းဖွင့်၍ အပ်နှံထားရမည်၊

(ဃ) ဦးစီးဌာနက သတ်မှတ်သော မှတ်ပုံတင်စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း (၆)
## သင်္ဘော၏ အမှတ်အသားများ

၁၃။ (က) ပြည်တွင်းရေကြောင်းသွား သင်္ဘောများနှင့် သင်္ဘောငယ်များမှတစ်ပါး ကုန်သင်္ဘောများသည် မှတ်ပုံမတင်မီ သင်္ဘောတွင်ထင်ရှားပေါ်လွင်ပြီး ကောင်းစွာမြင်နိုင်သည့် ပုံသေအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား သင်္ဘောများနှင့် သင်္ဘောငယ်များသည် မှတ်ပုံမတင်မီ ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း သင်္ဘောပေါ်တွင်ထင်ရှားပေါ်လွင်ပြီး ခိုင်မြဲသည့်အမှတ်အသားများကို ပြုလုပ်ရမည်။

## အခန်း (၇)
## အသစ်တည်ဆောက်မည့် သင်္ဘောများကို မှတ်ပုံတင်လျှောက်ထားခြင်း

၁၄။ ဦးစီးဌာနသည် -

(က) သင်္ဘောအသစ် တည်ဆောက်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ထုတ်ပြန်ရမည်။

(ခ) သင်္ဘောတည်ဆောက်ခွင့် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သင်္ဘောတည်ဆောက်ခွင့်ပြုချက်ကို ထုတ်ပေးနိုင်သည်။

(ဂ) တည်ဆောက်ခွင့်ပြုချက် လျှောက်ထားရန်မလိုသော သင်္ဘောအမျိုးအစားများကို သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ဃ) မည်သည့် တည်ဆောက်ဆဲသင်္ဘောကိုမဆို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးနိုင်သည်။

၁၅။ မှတ်ပုံတင်ရန်တာဝန်ရှိသည့် သင်္ဘောအသစ်တည်ဆောက်ရာတွင် သင်္ဘောပိုင်ရှင်သည် -

(က) တည်ဆောက်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ထားချက်နှင့်အညီ ကြိုတင်လျှောက်ထားရမည်။

(ခ) ဦးစီးဌာနမှထုတ်ပေးသည့် တည်ဆောက်ခွင့်ပြုချက်ရရှိမှသာ သင်္ဘောတည်ဆောက်ခြင်းပြုရမည်။

(ဂ) ဦးစီးဌာနက ထုတ်ပြန်ထားသော သင်္ဘောအသစ်တည်ဆောက်ခြင်းနှင့်ဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာရမည်။

## အခန်း (၈)
## မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်း

၁၆။ (က) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် သင်္ဘောပိုင်ရှင်သည် ပုဒ်မ ၉ ၌ ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာသင်္ဘောအဖြစ်မှတ်ပုံတင်ရန် ရေယာဉ်အမျိုးအစားနှင့် အရွယ်အစားအလိုက် လျှောက်ထားရမည့်နေရာဒေသတို့ကို သတ်မှတ်ရမည်။

၁၇။ မှတ်ပုံတင်ရန် လျှောက်ထားသည့် မည်သူမဆို အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်-

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားသည့်အချိန်တွင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုရှိ ဆိပ်ကမ်းသို့ ရောက်ရှိနေသော သင်္ဘော၊

(ခ) သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ ရောင်းချရန်သဘောတူစာချုပ်အရ သင်္ဘောကို နည်းလမ်းတကျလွှဲပြောင်းရောင်းချမှုကို ဆောင်ရွက်နေသည့်သင်္ဘော၊

(ဂ) နိုင်ငံခြားတွင် မှတ်ပုံတင်ခဲ့သည့် သင်္ဘောပိုင်ရှင်က ၎င်း၏ နိုင်ငံခြားမှတ်ပုံတင်စွန့်လွှတ်ချက်အပေါ် အခွင့်ရအာဏာပိုင်၏ သဘောတူညီချက်ဖြင့် ထိုမှတ်ပုံတင်ပယ်ဖျက်ထားဆဲဖြစ်သောသင်္ဘော၊

(ဃ) မှတ်ပုံတင်ရာတွင် ဖော်ပြရန် လိုအပ်သည့် လွှဲပြောင်းခြင်းခံရသူ၏ အမည်နှင့် အခြားအချက်အလက်များ ပြောင်းလဲပြင်ဆင်ခြင်း၊ ပြုလုပ်နေဆဲဖြစ်သောသင်္ဘော၊

(င) မှတ်ပုံတင်ရန် လိုအပ်သည့် တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ တိုင်းတာစစ်ဆေးချက်လက်မှတ်အတွက် သင်္ဘောကိုတိုင်းတာစစ်ဆေးချက်များ ပြုလုပ်ဆဲသင်္ဘော။

၁၈။ ဤဥပဒေအရ **မည်သူမဆို** မှတ်ပုံတင်ရန် တာဝန်ရှိသော သင်္ဘောကိုဖြစ်စေ၊ မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ရန်လျှောက်ထားသော သင်္ဘောကိုဖြစ်စေ မှတ်ပုံတင်ရန်ဦးစီးဌာနသို့ လျှောက်ထားသည့်အခါ အောက်ပါသက်သေခံအထောက်အထား စာတမ်းအမှတ်အသားများကို ပူးတွဲ၍ တင်ပြရမည် -

(က) အစိုးရသင်္ဘောမှတစ်ပါး အခြားသင်္ဘောဖြစ်လျှင် သင်္ဘော၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်၊

(ခ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံကြောင်း ကြေညာချက်၊

(ဂ) သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘော၏လုံးပေါင်းတန်ချိန်တို့နှင့် သက်ဆိုင်သည့် စာချုပ်နှင့်အတူ-

(၁) တည်ဆောက်သူက သက်သေခံလက်မှတ်ရေးထိုး ထုတ်ပေးထားသည့် သင်္ဘောဒီဇိုင်း၊ ရေးဆွဲချက် အတိုင်းအတာပမာဏ၊ အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ တည်ဆောက်သည့် နေရာ၊ နေ့ရက်နှင့် ကာလတို့အပြင် သင်္ဘောတည်ဆောက်မှုနှင့် ဆိုင်သည့် အခြား အချက်အလက် အထောက်အထား၊ စာတမ်းအမှတ်အသားများ၊

(၂) တိုင်းတာစစ်ဆေးရေးမှူးက ထုတ်ပေးထားသည့် သင်္ဘော၏ လုံးပေါင်းတန်ချိန်နှင့် လုံးပေါင်း တန်ချိန် သက်သေခံလက်မှတ်၊

(၃) သင်္ဘောအသစ်များအတွက် ဦးစီးဌာနမှ ထုတ်ပေးသော တည်ဆောက်ခွင့်ပြုချက် အထောက် အထား။

(ဃ) သင်္ဘောပိုင်ရှင်၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊ သင်္ဘောပိုင်ရှင်မှာ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမိတ္တူ၊ ခွင့်ပြု မတည်ငွေရင်း၊ ထည့်ဝင်ပြီး မတည်ငွေရင်း၊ အစုရှယ်ယာဝင်များ၏ ပိုင်ဆိုင်မှုအချိုး၊ ကုမ္ပဏီ၏ ပင်မရုံးနှင့် ရုံးခွဲတို့၏ နေရပ်လိပ်စာ၊

(င) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်းနှံခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ရှိပါက ထိုလွှဲပြောင်းသည့်စာချုပ်၊

(စ) သင်္ဘောကို နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားခဲ့ဖူးပါက ထိုမှတ်ပုံတင်ကို ပယ်ဖျက်ပြီးကြောင်း အထောက်အထားစာတမ်းအမှတ်အသား၊

(ဆ) လျှောက်ထားသူ ပုဂ္ဂိုလ်အနေဖြင့် ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့က ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်သည့် ရုံးတံဆိပ် ရိုက်နှိပ်ထားသော အထောက်အထား၊

(ဇ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်း များနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ကြောင်း အထောက်အထားများ။

၁၉။ စင်းလုံးငှားရမ်းခြင်းစာချုပ်အရဖြစ်စေ၊ လူမပါ စင်းလုံးငှားရမ်းခြင်းစာချုပ်အရဖြစ်စေ ငှားရမ်း၍ မြန်မာ့ရေပြင်၌သော်လည်းကောင်း၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်၌သော်လည်းကောင်း အသုံးပြုရန်အလို့ငှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့က သင်္ဘောကို မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားသည့်အခါ အောက်ပါသက်သေခံအထောက်အထား စာတမ်းအမှတ်အသားများကို ပူးတွဲ၍ တင်ပြရမည် -

(က) သင်္ဘောစင်းလုံးငှားရမ်းခြင်းစာချုပ် သို့မဟုတ် လူမပါ သင်္ဘောစင်းလုံးငှားရမ်းခြင်းစာချုပ်နှင့် အစိုးရ သင်္ဘောမှတစ်ပါး အခြားသင်္ဘောဖြစ်လျှင် ယင်းသင်္ဘော၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်၊

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် အီးမေးလ်လိပ်စာများ၊

(ဂ) သင်္ဘောစင်းလုံးငှားရမ်းသည့် စာချုပ်သက်တမ်း၊ စတင်ငှားရမ်းသည့် နေ့ရက်နှင့် ကုန်ဆုံးမည့် နေ့ရက်၊

(ဃ) သင်္ဘောကို မှတ်ပုံတင်ထားသည့်နိုင်ငံရှိ အခွင့်အာဏာပိုင်နှင့် မှတ်ပုံတင်အရာရှိတို့၏ သဘောတူညီချက် အထောက်အထား၊

(င) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းရှိပါက ထိုလွှဲပြောင်းသည့်စာချုပ် (ရှိလျှင်)၊

(စ) ပင်လယ်ရေကြောင်းသွား၊ သင်္ဘောများအတွက် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရေးကိုလည်းကောင်း၊ သင်္ဘောသားများအတွက် ထောက်ပံ့ပစ္စည်းများနှင့် သက်သာချောင်ချိရေးကိစ္စများကိုလည်းကောင်း စီစဉ်ထားရှိပြီးကြောင်း ဦးစီးဌာနက တာဝန်ပေးသည့် တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ် (Certificate of Survey) သို့မဟုတ် ဦးစီးဌာနက လက်ခံအသိအမှတ်ပြုသော နိုင်ငံခြားတိုင်းပြည်မှ တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ်နှင့် အထောက်အထားများ၊

(ဆ) ပြည်တွင်းသို့ စင်းလုံးငှားရမ်းခြင်းဖြစ်လျှင် နိုင်ငံခြားသင်္ဘောအဖြစ် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်၊

(ဇ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ပါ သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘော၏ လုံးပေါင်းတန်ချိန်တို့နှင့် သက်ဆိုင်သည့် စာချုပ်နှင့်အတူ တည်ဆောက်သူက သက်သေခံလက်မှတ်ရေးထိုးထုတ်ပေးထားသည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ၊

(ဈ) လျှောက်ထားသူပုဂ္ဂိုလ်အနေဖြင့် ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့က ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်သည့် ရုံးတံဆိပ်ရိုက်နှိပ်ထားသော အထောက်အထား၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ကြောင်း အထောက်အထားများ။

၂၀။ ဦးစီးဌာနသည် -

(က) မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိကို စစ်ဆေးစေပြီး ယင်း၏ သဘောထားမှတ်ချက်ဖြင့် တင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်အပေါ် စိစစ်သုံးသပ်ပြီး -

(၁) မှတ်ပုံတင်ရန် ခွင့်မပြုသင့်ကြောင်းတွေ့ရှိပါက မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(၂) မှတ်ပုံတင်ရန်ခွင့်ပြုသင့်ကြောင်း တွေ့ရှိရသော်လည်း သတ်မှတ်ထားသည့်အရည်အချင်းများနှင့် သက်သေခံလက်မှတ်များ ပြည့်စုံခြင်းမရှိသေးပါက ယာယီမှတ်ပုံတင် လက်မှတ်ထုတ်ပေးရန်လည်းကောင်း၊ သတ်မှတ်ထားသည့်အရည်အချင်းများနှင့် သက်သေခံလက်မှတ်များပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်ခွင့်ပြုရန်လည်းကောင်း မှတ်ပုံတင်အရာရှိအားညွှန်ကြားရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည် -

(က) **စင်းလုံးငှားရမ်းသည့်သင်္ဘောမှတစ်ပါး အခြားသင်္ဘောများ**မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ မှတ်ပုံတင်ခွင့်ပြုရန် ညွှန်ကြားသည့်အခါ လျှောက်ထားသူအား မှတ်ပုံတင်ခ၊ သင်္ဘော၏လုံးပေါင်းတန်ချိန် နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့ကို ပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ အချက်အလက်များကို ယာယီမှတ်ပုံတင်စာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြား၍ မှတ်တမ်းတင်ပြီး မြန်မာသင်္ဘောအဖြစ် ယာယီမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းပြုလုပ်ရမည် -

(၁) သင်္ဘော၏အမည်နှင့် သင်္ဘော၏မှတ်ပုံတင်ဆိပ်ကမ်း အမည်၊ ယခင် မှတ်ပုံတင်သင်္ဘော၏ အမည်နှင့် ဆိပ်ကမ်းအမည် (ရှိလျှင်)၊

(၂) တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးချက်လက်မှတ်တွင် ပါရှိသော လုံးပေါင်းတန်ချိန်၊ အတိုင်းအတာ၊ အလျားမီတာနှင့် ရေစူးမီတာအပါအဝင် အသေးစိတ်အချက်အလက်များ၊

(၃) သင်္ဘောပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသော သင်္ဘော၏မူရင်းနှင့် ဆိုင်သည့် အချက်အလက်များ၊

(၄) သင်္ဘောပိုင်ရှင်၏ အမည်၊ ရာထူးတာဝန်နှင့် နေရပ်လိပ်စာများ၊ အကယ်၍ သင်္ဘောပိုင်ရှင် တစ်ဦးထက်ပိုပါက ပိုင်ရှင်တစ်ဦးစီက သင်္ဘောတွင် ပိုင်ဆိုင်မှု အချိုးအစားများ၊

(၅) သင်္ဘောတည်ဆောက်သူအမည်၊ နေရပ်လိပ်စာနှင့် သင်္ဘောတည်ဆောက်ခြင်းဆိုင်ရာ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ပါ အချက်အလက်များ၊

(၆) သင်္ဘောရေယာဉ်မှူး၏ အမည်နှင့် ရေယာဉ်မှူး သက်သေခံလက်မှတ် အထောက်အထား၊

(၇) သင်္ဘောအား ပေါင်နှံသူနှင့် အပေါင်ခံသူ အမည်၊ နေရပ်လိပ်စာနှင့် စာချုပ်ပါ အဓိက အချက်များ (ရှိလျှင်)၊

(၈) ယခင် သင်္ဘောမှတ်ပုံတင်လက်မှတ်အား ဆိုင်းငံ့ခြင်း၊ ရပ်စဲခြင်းနှင့်ပယ်ဖျက်ခြင်းများ (ရှိလျှင်)၊

(၉) အပြည်ပြည်ဆိုင်ရာသုံး သိသာထင်ရှားစေသည့် သင်္ကေတနှင့် စာလုံးများ (distinctive number and call sign) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ပေးသော နံပါတ် (IMO number) (ရှိလျှင်)၊

(၁၀) ဤဥပဒေအရ ထုတ်ပြန်သည့်သတ်မှတ်ချက်များပါ အခြားသတ်မှတ်ချက်များ။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခြင်းကို မှတ်တမ်းတင်ပြီးနောက် ဦးစီးဌာနက သတ်မှတ်သော တရားဝင် မှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်စည်းကမ်းချက်များနှင့်အတူ လျှောက်ထားသူအား ယာယီမှတ်ပုံတင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော ယာယီမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူက သတ်မှတ်ထားသော ယာယီ မှတ်ပုံတင်သက်တမ်းကာလအတွင်း လိုအပ်သော သက်သေခံလက်မှတ်နှင့် အထောက်အထား များကို ပြည့်စုံစွာတင်ပြပါက ထိုယာယီမှတ်ပုံတင်လက်မှတ်ကို သိမ်းဆည်းပြီး ဦးစီးဌာနက သတ်မှတ်သော တရားဝင်မှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်စည်းကမ်းချက်များနှင့်အတူ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅ မှအဆက် ]**

## အခန်း (၃)

## တင်သွင်းလွှာကို စိစစ်ခြင်း

၈။ တင်သွင်းလွှာကို စိစစ်ရန် ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဥက္ကဋ္ဌသည် စိစစ်ရေးအဖွဲ့ကို ပုံစံ (၂) ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ရမည်။

၉။ စိစစ်ရေးအဖွဲ့သည် -

(က) တင်သွင်းလွှာနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၄ ပါ အတိုင်းပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြစေရန် ပုံစံ (၃) ဖြင့် တင်သွင်းသူထံသို့ အကြောင်းကြားရမည်။ လုံလောက်သော အကြောင်းပြချက်ဖြင့် လျှောက်ထားပါက ပြန်လည် တင်ပြရမည့်နေ့ကို ထပ်မံရွှေ့ဆိုင်းပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) ပါ သတ်မှတ်ချိန်အတွင်း ရှင်းလင်းပြည့်စုံစွာတင်သွင်းခြင်းမရှိသော တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။

(ဂ) တင်သွင်းလွှာကို ငြင်းပယ်ရာတွင် -

(၁) မည်သည့်အတွက် ငြင်းပယ်ကြောင်းကို တင်သွင်းလွှာနေ့စဉ်မှတ်တမ်းတွင် ပြည့်စုံစွာရေးသားဖော်ပြပြီး စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုး အမိန့်ချရမည်။

(၂) ငြင်းပယ်သည့်တင်သွင်းလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်သွင်းလွှာမှတ်ပုံတင်စာရင်းစာအုပ်တွင် ပြီးပြတ်ချက် ရေးသွင်းစေရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ဆောင်ရွက်ချက်များကို ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၀။ စိစစ်ရေးအဖွဲ့သည် ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သောပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းရှိပါက သတ်မှတ်ချိန်အတွင်း ရှင်းလင်းလွှာတင်သွင်းရန် ပုံစံ (၄) ဖြင့် အကြောင်းကြားရမည်။ လုံလောက်သော အကြောင်းပြချက်ဖြင့် လျှောက်ထားလာပါက ပြန်လည်တင်ပြရမည့်နေ့ကို ထပ်မံရွှေ့ဆိုင်းပေးနိုင်သည်။

၁၁။ ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သောပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းသည် -

(က) စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာ ပူးတွဲထားသောရှင်းလင်းလွှာအား ကိုယ်တိုင်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ တင်သွင်းရမည်။

(ခ) ရှင်းလင်းလွှာကို A4 ဆိုဒ် စာရွက်အသုံးပြု၍ ရိုးသုံးစာဖြင့် ရေးသားရမည်။

(ဂ) ရှင်းလင်းလွှာကို မူရင်း တစ်စုံ၊ မိတ္တူ (၁၀) စုံနှင့် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သောပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းရှိပါက ယင်းတို့အား ဖြန့်ဝေရန်လိုအပ်သည့် မိတ္တူများပူးတွဲတင်သွင်းရမည်။

၁၂။ ရှင်းလင်းလွှာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်စေရမည် -

(က) ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သောပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်း၏အမည်၊ ရာထူး၊ လက်မှတ်၊ တင်သွင်းသည့်ရက်စွဲ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ ဖက်စ်၊

(ခ) တင်သွင်းလွှာတွင်ပါရှိသော အချက်တစ်ချက်ချင်းအပေါ် ကန့်ကွက်ချက်၊ ချေပချက်နှင့်ကိုးကားသည့် ဥပဒေအချက်အလက်များ။

၁၃။ ရှင်းလင်းလွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်သွင်းရမည် -

(က) အားကိုးအားထားပြုသည့်စာရွက်စာတမ်း၊ အထောက်အထားများနှင့် စာရွက်စာတမ်းစာရင်း၊

(ခ) တရားလွှတ်တော်ရှေ့နေဖြင့်ဆောင်ရွက်လျှင် ယင်း၏အမည်၊ လိုင်စင်အမှတ်၊ လက်မှတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ရှေ့နေကိုယ်စားလှယ်လွှဲစာ၊

(ဂ) အခွင့်ရကိုယ်စားလှယ်ဖြင့် ဆောင်ရွက်လျှင် ခိုင်လုံသောအထောက်အထား။

၁၄။ စိစစ်ရေးအဖွဲ့သည် လိုအပ်ချက်များ ပြည့်စုံသည့်အခါ ကြားနာနိုင်ရန် စိစစ်ရေးအဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးထားသည့် ပုံစံ (၅) နှင့်အတူ တင်သွင်းလွှာအမှုတွဲကို ဥက္ကဋ္ဌထံ တင်ပြရမည်။

## အခန်း (၄)

## ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း

### ကြားနာခြင်း

၁၅။ ဥက္ကဋ္ဌသည် စိစစ်ရေးအဖွဲ့က တင်ပြလာသည့် တင်ပြချက်များအပေါ် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များအားလုံးပါဝင်သည့် ခုံရုံးကို ဖွဲ့စည်းရမည်။ ဖွဲ့စည်းမိန့်ကို ပုံစံ (၆) တွင် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အားလုံးသို့ ပေးပို့ရမည်။

၁၆။ ခုံရုံးသည် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ -

(က) ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များအားလုံး ပါဝင်ကြားနာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တက်ရောက်ခြင်းမပြုနိုင်သည့် အဖွဲ့ဝင်ရှိပါက ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ခြောက်ဦးဖြင့် ကြားနာနိုင်သည်။

၁၇။ ခုံရုံးသည် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီးပါက လျှောက်လဲချက်ကြားနာရန် နေ့ရက်သတ်မှတ်ပေးရမည်။ ကြားနာမည့်နေ့ရက်ကို ပုံစံ (၇) ဖြင့် ခုံရုံးကြော်ငြာသင်ပုန်းနှင့် ခုံရုံးဝက်ဘ်ဆိုက်တွင် ကြိုတင်၍ကြေညာရမည်။

၁၈။ ခုံရုံးတွင်ကြားနာသည့်အခါ -

(က) ဘာသာရပ်ကျွမ်းကျင်သူ၏ သဘောထားနှင့် အကြံဉာဏ်များကို ရယူရန် လိုအပ်သည်ဟုယူဆပါက စာဖြင့်ဖြစ်စေ၊ နှုတ်သက်သေခံချက်ဖြင့်ဖြစ်စေ ခုံရုံးက ရယူနိုင်သည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းထံမှ လိုအပ်သည့် စာရွက်စာတမ်းများ၊ အထောက်အထားများကို ဥပဒေနှင့်အညီ တောင်းခေါ်ကြည့်ရှုနိုင်သည်။

(ဂ) ဥပဒေ ပုဒ်မ ၁၇-က၊ ပုဒ်မခွဲ (၁) အရ တင်သွင်းလာသောကိစ္စရပ်ကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ၊ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာလွှတ်တော်များတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များပါဝင်သည့် လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စုလွှတ်တော်နာယက၊ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများမှတစ်ဆင့် တောင်းခေါ်ကြည့်ရှုနိုင်သည်။

(ဃ) ကြားနာမည့်ကိစ္စကို ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌကတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်တစ်ဦးကဖြစ်စေ အကျဉ်းချုပ် ဖတ်ကြားရမည်။

(င) တင်သွင်းလွှာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတို့၏ လျှောက်လဲချက်ကို ကြားနာနိုင်သည်။

(စ) နိုင်ငံတော်၏လျှို့ဝှက်ချက် သို့မဟုတ် နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်စေနိုင်သော အကြောင်းကိစ္စမှတစ်ပါး အများပြည်သူရှေ့မှောက်တွင် ကြားနာရမည်။

(ဆ) တင်သွင်းလွှာများကို မှန်မှန်နှင့်မြန်မြန်ပြီးပြတ်စေရန် ဆောင်ရွက်ရမည်။

(ဇ) တင်သွင်းလွှာအမှုတွဲတွင် ခုံရုံး၏နေ့စဉ်ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးထားရှိရမည်။

## အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း

၁၉။ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်မည့် နေ့ရက်နှင့် အချိန်ကို ပုံစံ (၈) ဖြင့် ဥက္ကဋ္ဌက ခုံရုံးကြော်ငြာသင်ပုန်းနှင့် ခုံရုံးဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာရမည်။

၂၀။ ခုံရုံးသည် -

(က) အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် သဘောထား သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ရန်အတွက် တရားစီရင်ရေးဆိုင်ရာဆွေးနွေးခြင်းကို ဥက္ကဋ္ဌကကြီးမှူး၍ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးသည် စာဖြင့်ရေးသားထားသည့် တစ်ဦးချင်း၏ သဘောထားကို တင်ပြရမည်။

(ဂ) တစ်ဦးချင်း၏သဘောထားတွင် ဆုံးဖြတ်ရမည့် အချက်တစ်ချက်ချင်းအပေါ် သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း ရှင်းလင်းစွာ အဆိုပြုဖော်ပြရမည်။

(ဃ) သဘောထားမှတ်တမ်းနှင့်ဆွေးနွေးချက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ ဥက္ကဋ္ဌကထိန်းသိမ်းထားရမည်။

၂၁။ ခုံရုံးက ဆောင်ရွက်ပြီးစီးသည့် ပြီးပြတ်ချက်ကို တာဝန်ပေးအပ်ခံရသော အရာရှိသည် တင်သွင်းလွှာမှတ်ပုံတင်စာရင်းစာအုပ်တွင် ရေးသွင်းလက်မှတ်ရေးထိုးပြီး ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခံရသော အဖွဲ့ဝင်ထံ တင်ပြရမည်။

၂၂။ ခုံရုံး၏ ဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထားပြန်ကြားချက် သို့မဟုတ် ဆုံးဖြတ်ချက်မိတ္တူများကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းက လျှောက်ထားတောင်းခံလာလျှင် အခမဲ့ထုတ်ပေးရမည်။

၂၃။ ဥပဒေပုဒ်မ ၁၇ အရ တင်သွင်းလာသော အငြင်းပွားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ခုံရုံး၏ ဆုံးဖြတ်ချက်မိတ္တူမှန်ကို သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြန်လည်ပေးပို့ရမည်။

## အခန်း (၅)
## တင်သွင်းလွှာရုပ်သိမ်းခြင်း

၂၄။ တင်သွင်းသူသည် -

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်မချမှတ်မီ မည်သည့်အဆင့်၌မဆို ခုံရုံး၏ ခွင့်ပြုချက်ဖြင့် တင်သွင်းလွှာကို ရုပ်သိမ်းခွင့် လျှောက်ထားနိုင်သည်။

(ခ) ရုပ်သိမ်းခွင့်လျှောက်လွှာ၌ ခိုင်လုံသောအကြောင်းပြချက်ကို ရေးသားဖော်ပြရမည်။

၂၅။ စိစစ်ရေးအဖွဲ့က စိစစ်နေစဉ်အတွင်း တင်သွင်းလွှာကို ရုပ်သိမ်းလိုကြောင်း လျှောက်ထားလာလျှင် စိစစ်ရေးအဖွဲ့သည် ယင်း၏သဘောထားမှတ်ချက်နှင့်အတူ ဥက္ကဋ္ဌထံ တင်ပြရမည်။

၂၆။ တင်သွင်းလွှာရုပ်သိမ်းခွင့် ကြားနာရာတွင် နည်းဥပဒေ ၁၀ အရ အကြောင်းကြားပြီးသည့်ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းကိုလည်း သဘောထားတင်ပြခွင့်ပေးရမည်။

၂၇။ ရုပ်သိမ်းခွင့် လျှောက်ထားချက်အပေါ် ခုံရုံးကကြားနာပြီးနောက် သင့်သည်ဟုထင်မြင်သည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီး တင်သွင်းလွှာမှတ်ပုံတင်စာရင်းစာအုပ်တွင် ရေးသွင်းစေရမည်။

## အခန်း (၆)
## အထွေထွေ

၂၈။ ဥက္ကဋ္ဌသည် တရားခွင်တွင် လိုက်နာရမည့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

၂၉။ တင်သွင်းလွှာပါကိစ္စနှင့်စပ်ဆိုင်သူများသည် ခုံရုံးကချမှတ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထားပြန်ကြားချက်၊ ဆုံးဖြတ်ချက်နှင့် တရားစီရင်ရေးဆိုင်ရာမှတ်တမ်းမိတ္တူ ရယူလိုပါက ခုံရုံးကသတ်မှတ်ထားသောနည်းလမ်းနှင့်အညီ လျှောက်ထားရယူခွင့်ရှိသည်။

၃၀။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထားပြန်ကြားချက်နှင့် ဆုံးဖြတ်ချက်တို့ကို နိုင်ငံတော်ပြန်တမ်းနှင့် ခုံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြရမည်။ ယင်းတို့ကို စီရင်ထုံးအဖြစ် ကိုးကားအသုံးပြုနိုင်ရန်စုစည်း၍ ပြက္ခဒိန်နှစ်အလိုက် ပုံနှိပ်ထုတ်ဝေရမည်။

၃၁။ ခုံရုံးက ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်၊ ထုတ်ဆင့်သောအကြောင်းကြားစာများကို လိုက်နာရန်ပျက်ကွက်မှုနှင့် ခုံရုံးအားမထီမဲ့မြင်ပြုမှုများအပေါ် ဥပဒေနှင့်အညီအရေးယူရန် ဥက္ကဋ္ဌသည် ခုံရုံးအရာရှိတစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် တရားစီရင်ရေးဆိုင်ရာ ရုံးလုပ်ငန်းကိစ္စများကို ကြီးကြပ်စီစဉ်ဆောင်ရွက်ရမည်။

၃၃။ ခုံရုံး၏ ၂၈-၆-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၁ ဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပုံစံ (၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက် ရယူရန်**

**ကိစ္စရပ်များအတွက် တင်သွင်းသည့် ပုံစံ**

( နည်းဥပဒေ ၇ )

ရက်စွဲ ..........................

၁။ တင်သွင်းသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း ...........................................

၂။ တင်သွင်းသည့်အကြောင်းအရာ ..................................................

၃။ အကြောင်းအရာအကျဉ်းချုပ်.....................................................

၄။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် / သဘောထား / ဆုံးဖြတ်ချက် ရယူလိုသည့်အကြောင်း ........

..............................................................................................

၅။ ပူးတွဲပါရှိသည့်အထောက်အထားများ

(က) ..................................................................

(ခ) ..................................................................

(ဂ) ..................................................................

(ဃ) ..................................................................

(င) ..................................................................

ညွှန်ကြားရေးမှူးချုပ်

ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**စိစစ်ရေးအဖွဲ့ ဖွဲ့စည်းသည့်ပုံစံ**

( နည်းဥပဒေ ၈ )

ရက်စွဲ .....................................

**စိစစ်ရေးအဖွဲ့ ဖွဲ့စည်းမိန့်**

၁။ .......... ကတင်သွင်းသောခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် / သဘောထား / ဆုံးဖြတ်ချက် ရယူရန်
တင်သွင်းလွှာကို စိစစ်နိုင်ရန် ခုံရုံးဥပဒေ ပုဒ်မ ၁၈ အရ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦး/ဒေါ် ............................................. ဥက္ကဋ္ဌ

(ခ) ဦး/ဒေါ် ............................................. အဖွဲ့ဝင်

(ဂ) ဦး/ဒေါ် ............................................. အဖွဲ့ဝင်

၂။ စိစစ်ရေးအဖွဲ့သည် ခုံရုံးဥပဒေ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက် နှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

ဥက္ကဋ္ဌ

ပုံစံ (၃)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**တင်သွင်းလွှာတွင်ပြည့်စုံမှုမရှိသည့် လိုအပ်ချက်များတင်ပြရန်**

**အကြောင်းကြားသည့်ပုံစံ**

( နည်းဥပဒေ ၉ )

ရက်စွဲ ........................

**အကြောင်းကြားစာ**

၁။ ခုံရုံး၏ အမိပ္ပာယ်ဖွင့်ဆိုချက် / သဘောထား / ဆုံးဖြတ်ချက် ရယူရန် တင်သွင်းသော .................... ၏ ................. ရက်စွဲပါ တင်သွင်းလွှာကို လက်ခံရရှိပါသည်။

၂။ တင်သွင်းလွှာ၌ ပါရှိသောစာရွက်စာတမ်းများတွင် ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အောက်ပါလိုအပ်ချက်များကို ................... ရက်နေ့ အတွင်း ခုံရုံးသို့ အချိန်မီတင်ပြရန် အကြောင်းကြားပါသည် -

(က) ............................................

(ခ) ............................................

(ဂ) ............................................

............................................

............................................

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

စိ စစ် ရေး အ ဖွဲ့

ပုံစံ (၄)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်၊ဌာန သို့မဟုတ် အဖွဲ့အစည်းသို့**

**အကြောင်းကြားသည့်ပုံစံ**

( နည်းဥပဒေ ၁၀ )

ရက်စွဲ ........................

**အကြောင်းကြားစာ**

အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ခုံရုံး၏ သဘောထား ရယူရန်အတွက်

ဆုံးဖြတ်ချက်

.............. က................. ရက်စွဲပါ တင်သွင်းလွှာကို ခုံရုံးသို့ တင်ပြလာပါသည်။

၂။ ယင်းတင်သွင်းလွှာမိတ္တူကို ပူးတွဲပေးပို့ပါသည်။

၃။ ယင်းတင်သွင်းလွှာနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်နှင့်တကွ လိုအပ်သည့် အချက်အလက်များ၊ ခိုင်လုံသောအထောက်အထားများ၊ စာရွက်စာတမ်းများကို.................... ရက်နေ့အတွင်း ခုံရုံးသို့တင်သွင်းရန် အကြောင်းကြားပါသည်။

....................................................

....................................................

....................................................

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

**စိ စစ် ရေး အ ဖွဲ့**

ပုံစံ (၅)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
## ကြားနာဆုံးဖြတ်ရန်အတွက် တင်ပြသည့်ပုံစံ

( နည်းဥပဒေ ၁၄ )

ရက်စွဲ .......................

၁။ တင်သွင်းသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း ..................................

၂။ တင်သွင်းသည့်အကြောင်းအရာ ......................................

၃။ အကြောင်းအရာအကျဉ်းချုပ် ...........................................

.........................................................................

၄။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် / သဘောထား / ဆုံးဖြတ်ချက် ရယူလိုသည့်အကြောင်း........................

၅။ တင်ပြသည့်အထောက်အထားများ

(က) ..........................................

(ခ) ..........................................

(ဂ) ..........................................

(ဃ) ..........................................

(င) ..........................................

၆။ အခြားတင်ပြချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

စိစစ်ရေးအဖွဲ့

ပုံစံ (၆)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**ကြားနာဆုံးဖြတ်ရန်ခုံရုံးဖွဲ့စည်းသည့်ပုံစံ**

( နည်းဥပဒေ ၁၅)

ရက်စွဲ ........................

**ကြားနာဆုံးဖြတ်ရန်ခုံရုံးဖွဲ့စည်းမိန့်**

ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် / သဘောထား / ဆုံးဖြတ်ချက် ရယူရန် တင်သွင်းသော

.............. ၏ တင်သွင်းလွှာကို ကြားနာဆုံးဖြတ်ရန် ခုံရုံးကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) ဦး/ဒေါ် ............................... ဥက္ကဋ္ဌ

(၂) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၃) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၄) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၅) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၆) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၇) ဦး/ဒေါ်............................... အဖွဲ့ဝင်

(၈) ဦး/ဒေါ် ............................... အဖွဲ့ဝင်

(၉) ဦး/ဒေါ် ............................... အဖွဲ့ဝင်

ဥက္ကဋ္ဌ

ပုံစံ (၇)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**ခုံရုံးရှေ့တွင်နံနက် ၁၀ : ၀၀ နာရီအချိန် ကြားနာရန်ကြိုတင်သတိပေး အမှုစာရင်းပုံစံ**

**( နည်းဥပဒေ ၁၇ )**

| စဉ် | ကြားနာမည့်နေ့ | ကြားနာမည့်အကြောင်းအရာ | တင်သွင်းလွှာအမှတ် | တင်သွင်းသူ | ယင်းအတွက်လိုက်ပါဆောင်ရွက်သူ | ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန (သို့) အဖွဲ့အစည်း | ယင်းအတွက်လိုက်ပါဆောင်ရွက်သူ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

အမိန့်အရ-

ညွှန်ကြားရေးမှူးချုပ်

ပုံစံ (၈)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ရက်နှင့် အချိန်ကြေညာသည့်ပုံစံ**

**( နည်းဥပဒေ ၁၉ )**

| စဉ် | ကြားနာသည့် နေ့ | ကြားနာသည့် အကြောင်းအရာ | တင်သွင်းလွှာ အမှတ် | တင်သွင်းသူ | ပြန်လည်ရှင်းလင်း ရမည့် ပုဂ္ဂိုလ်၊ဌာန (သို့) အဖွဲ့အစည်း | အပြီးသတ် ဆုံးဖြတ်ချက်ချမှတ် မည့်နေ့ရက်နှင့် အချိန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

ဥက္ကဋ္ဌ

နောက်ဆက်တွဲ

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**၂၀ ခုနှစ်၊ တင်သွင်းလွှာမှတ်ပုံတင်စာရင်းစာအုပ်**

**(နည်းဥပဒေ ၇)**

| တင်သွင်းလွှာ တင်သွင်းသောနေ့ | တင်သွင်းလွှာ အမှတ် | တင်သွင်းလွှာ တင်သွင်းသူ | | ဖြန့်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း (ရှိလျှင်) | | တောင်းဆိုချက် (အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်) နှင့် ကိုးကားသောဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ | ပါဝင်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း | | အမိန့်နှင့်နေ့စွဲ (ကြားနာဆုံးဖြတ်မည့်အရက်၊ ချေကြားချက်၊ ဆုံးဖြတ်ချက်တို့ကို အကျဉ်းချုပ်ဖော်ပြရန်) | ကြာရက်ပေါင်း | အမိန့်မိတ္တူမှန် ပေးပို့ခဲ့သောဌာန၊ အဖွဲ့အစည်းများ | ရေးသွင်းသူအရာရှိ၏ အမည်၊ လက်မှတ်၊ ရက်စွဲ | ခုံရုံးဥက္ကဋ္ဌ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခံရသောအဖွဲ့ဝင်၏ အမည်၊ လက်မှတ်၊ ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရာထူး၊ အမည် | အဖွဲ့အစည်း၊ ဌာန | ရာထူး၊ အမည် | အဖွဲ့အစည်း၊ ဌာန | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ် ၄ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကရင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းများကို အသစ်ဖြည့်စွက် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**ကရင်ပြည်နယ်**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၉။ | စုကလိ-ဝေါလေလမ်း | | | ၁၈ | ၄ | | | | | |
| ၄၀။ | မဲပလဲ့-ကော့ကော်-ထိဝါးကလေးလမ်း | | | ၁၇ | ၀. ၅ | | | | | |
| ၄၁။ | ထိဝါးကလေး-တာလေလမ်း | | | ၃၀ | - | | | | | |
| ၄၂။ | မဲပလဲ့-ရွှေကုက္ကိုလမ်း | | | ၁၁ | ၇ | | | | | |

ကရင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၉၈၀ မိုင် ၀ ဖာလုံ ၄၀ ပေ) အစား (၁၀၅၇ မိုင် ၃ ဖာလုံ ၃၇၀ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၁၀၃ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်စွဲပါ၊ စာအမှတ်၊ ၃ (၂)/၂၁ (ခ) (၃)/(၁၁၃၄/၂၀၁၅) တို့အရ သစ်တော တက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ထားသည့် သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း/ အမှုထမ်းများအား သစ်တောတက္ကသိုလ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရန် လွှဲပြောင်းပေးလိုက်သည်-

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါက်တာမြင့်ဦး | ပါမောက္ခချုပ် |
| ၂ | ဒေါက်တာစန်းဝင်း | ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) |
| ၃ | ဒေါက်တာစံသွင် | ပါမောက္ခ |
| ၄ | ဒေါက်တာတင်မင်းမောင် | တွဲဖက်ပါမောက္ခ |
| ၅ | ဦးသန်းဆွေ | ဌာနခွဲမှူး |
| ၆ | ဦးဇော်ဝင်းမြင့် | လက်ထောက်ကထိက |
| ၇ | ဒေါ်အစ်အစ်ရွှေစင် | လက်ထောက်ကထိက |
| ၈ | ဒေါ်ခိုင်ခိုင်စိုး | လက်ထောက်ကထိက |
| ၉ | ဦးငြိမ်းချမ်း | လက်ထောက်ကထိက |
| ၁၀ | ဒေါ်မြသန္တာတိုး | လက်ထောက်ကထိက |
| ၁၁ | ဒေါ်ဧကရီဖြူဖြူသက် | လက်ထောက်ကထိက |
| ၁၂ | ဒေါ်အိသန္တာဗိုလ် | လက်ထောက်ကထိက |
| ၁၃ | ဦးကျော်သူမိုး | သရုပ်ပြ |
| ၁၄ | ဒေါ်ဖြူဖြူဟန် | သရုပ်ပြ |

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

အမှတ် ၁၁၆ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆) ဖြင့် ရာထူးတိုးမြှင့်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းများ၏ လက်ထောက်ညွှန်ကြားရေးမှူးရာထူး စတင်တိုးမြှင့်ခန့်ထားသည့်ရက်နေ့အား အမည်နှင့်ယှဉ်တွဲပါ လက်ထောက်ညွှန်ကြားရေးမှူး အလုပ်တာဝန်စတင်ထမ်းဆောင်ကြောင်း သတင်းပို့သည့်ရက်နေ့မှစ၍ သတ်မှတ်လိုက်သည် -

| စဉ် | အမည် | လက်ရှိဒေသ | စတင်ရာထူးတိုးမြှင့်ခန့်ထားသည့်နေ့ရက် |
|---|---|---|---|
| ၁ | ဦးသွာလ်ကျင့်ခိုင် | ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန (ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတွဲဖက်) | ၂၂-၁-၂၀၁၆ ညနေပိုင်း |
| ၂ | ဦးငွေးဝင်း | ဦးစီးရုံးချုပ်၊ တိုးချဲ့ပညာပေးရေးဌာန (သစ်တောတက္ကသိုလ်တွဲဖက်) | ၂၅-၁-၂၀၁၆ နံနက်ပိုင်း |
| ၃ | ဦးမောင်မောင်ဝင်း(၂) | ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ် | ၁၀-၂-၂၀၁၆ နံနက်ပိုင်း |
| ၄ | ဦးဇော်စိုး | ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာန | ၁၀-၂-၂၀၁၆ နံနက်ပိုင်း |
| ၅ | ဦးဇော်မင်းထွန်း | ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ် | ၁၀-၂-၂၀၁၆ ညနေပိုင်း |
| ၆ | ဦးမြင့်သိန်းဦး | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | ၁၁-၂-၂၀၁၆ နံနက်ပိုင်း |

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် ၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

၁။ ဝန်ကြီးဌာန (၄) ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

**(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | ဦးစီးအရာရှိ | ၉ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း/ဘောဂဗေဒ) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |
| (၂) | မြန်မာ့အာမခံ လုပ်ငန်း | လက်ထောက် မန်နေဂျာ | ၉ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (မြို့ပြ) |
| | | | ၁ နေရာ | လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ |
| (၃) | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) |
| | | | ၃ နေရာ | မဟာဝါဏိဇ္ဇာဘွဲ့ |
| | | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) |
| (၄) | ငွေတိုက်ဦးစီးဌာန | ဦးစီးအရာရှိ | ၈ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/စာရင်းကိုင်ပညာမဟာဘွဲ့/ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ/ စာရင်းအင်း)/ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ |

**(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန | ဦးစီးအရာရှိ | ၆ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/လက်မှတ်ရပြည်သူ့ စာရင်းကိုင်အောင်လက်မှတ်ရရှိသူ |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | | ၂ နေရာ | ပါရဂူဘွဲ့ (ဓာတု)/မဟာသိပ္ပံဘွဲ့ (ဓာတု) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | | ၁ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၁ နေရာ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ |
| | | လက်ထောက်အင်ဂျင်နီယာ (အမျိုးသား) | ၉ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) |
| | | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ | အင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့်အထည်) |
| | | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (မြို့ပြ) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့ (ဓာတု) |
| | | နည်းပြအရာရှိ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့်အထည်) |
| (၂) | ယွန်းပညာကောလိပ် (ပုဂံ) | လက်ထောက်ကထိက | ၁ နေရာ | သမဝါယမတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး မဟာဘွဲ့ရရှိသူ |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (ပထဝီ) |
| | | | ၁ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |

**(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) |
| | | | ၅ နေရာ | အင်ဂျင်နီယာဘွဲ့ (မြို့ပြ) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှုအီလက်ထရောနစ်) |
| | | | ၂ နေရာ | ဗိသုကာဘွဲ့ |

**(ဃ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း | လက်ထောက်ကထိက (မော်တော်ယာဉ်) (အမျိုးသား) | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) |
| | | လက်ထောက်စာကြည့်တိုက်မှူး | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ |
| (၂) | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | ဦးစီးအရာရှိ (အမျိုးသား) | ၅ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) |
| (၃) | မြန်မာ့မီးရထား | လက်ထောက်မန်နေဂျာ | ၁ နေရာ | ဥပဒေဘွဲ့ |
| | | | ၈ နေရာ | ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) |
| | | | ၃ နေရာ | ဝါဏိဇ္ဇဘွဲ့ (သို့မဟုတ်) လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ |
| | | လက်ထောက်မန်နေဂျာ (သွားလာ) (အမျိုးသား) | ၃ နေရာ | သိပ္ပံဘွဲ့(သင်္ချာ) (သို့မဟုတ်) သိပ္ပံဘွဲ့(ရူပဗေဒ) |
| | | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု/လျှပ်စစ်စွမ်းအား) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) **၁၂-၇-၂၀၁၆ ရက်နေ့**တွင် ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ် (ပုဂံ) တို့အတွက် အသက် ၃၀ နှစ်

(ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) နှင့် မြန်မာ့အာမခံလုပ်ငန်း၊ ငွေတိုက်ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့မီးရထားတို့အတွက် အသက် (၃၅) နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၁၂-၇-၂၀၁၆ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၄။ ရေးဖြေစာမေးပွဲ (၁) ကြိမ်လျှင် ကြော်ငြာပါဝန်ကြီးဌာနများရှိ လစ်လပ်ရာထူး ၂ မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး **ရာထူး ၂ မျိုးထက် ပိုမိုလျှောက်ထားပါက ကြော်ငြာအမှတ်စဉ်အလိုက်ရာထူး ၂ မျိုးသာ သတ်မှတ်ဖြေဆိုခွင့်ပြုပြီး ကျန်လျှောက်လွှာများကို ပယ်ဖျက်မည်ဖြစ်ပါသည်။**

၅။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည် ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၅-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၄၅/ရွေးချယ်ရေး (အဓိက) ၂၀၁၆ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၇။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ရေးဖြေဖြေဆိုခွင့် ပြုမည်မဟုတ်ပါ။**

၈။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်သို့ ၁၂-၇-၂၀၁၆ ရက်နေ့အရောက် ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅) ခုဖြင့်** ကျင်းပမည်ဖြစ်သည့်အတွက် **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၀။ ၂၄-၉-၂၀၁၆ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာများကိုလည်းကောင်း၊ ၂၅-၉-၂၀၁၆ ရက်(တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၁၁။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၂-၉-၂၀၁၆ ရက်နေ့မှစ၍ နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၁၂။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးအမှတ် (၂၆)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ဝ၆၇-၄၁၀၅၃၀ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၁၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ဝ၆၇-၄၀၉၀၅၂ နှင့် ဝ၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၄။ ဤကြော်ငြာနှင့်လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

(ပုံ) ခင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

## ကိုမာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## (Kormar Services Co., Ltd.)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ကိုမာဝန်ဆောင်မှုကုမ္ပဏီလီမိတက်** အား (၅-၇-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု [B.Com (Q), C.P.A] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၅-၈-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ညွှန့်ဇော် | ခင်စောယု |
| မန်နေးဂျင်းဒါရိုက်တာ | B.Com (Q), C.P.A |
| ကိုမာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၏ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | |

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

## ကံကောင်းသော မြန်မာကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီလီမိတက်
## (Lucky Myanmar Express Company Limited)

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်မာမာ ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၇-၈-၂၀၁၆) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာ တင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်ခိုင်ခိုင်ဝင်း | ဒေါ်မာမာ |
| မန်နေးဂျင်းဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ကံကောင်းသောမြန်မာ | ဖမ်မက်ဂရု(ပ်) |
| ကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီလီမိတက် | အမှတ် ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ |
| | ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇ |

## ပြည်တော်စံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## ( PYI TAW SAN TRADING COMPANY LIMITED )

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက်အရ **PYI TAW SAN TRADING CO., LTD. (ပြည်တော်စံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)** အား (၈-၇-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သင်းသီရိဗို (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းသီရိဗို
L. L. B
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## ကောင်းမေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

၂၀၁၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ သာမန် မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **ကောင်းမေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (KAUNG MAY TRADING COMPANY LIMITED)** ကို (၃၀-၆-၂၀၁၆) ရက်နေ့မှ စ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဒေါ်မြင့်မြင့်အေး (အထက်တန်းရှေ့နေ)** အား စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

KAUNG SAIK MAY
Managing Director
Kaung May Trading Co., Ltd.

ဒေါ်မြင့်မြင့်အေး
အထက်တန်းရှေ့နေ
စဉ် - ၂၁၂၄၁

## သံလွင်မိုးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
## (THAN LWIN MOE MINING CO., LTD.)

(အစုရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

သံလွင်မိုးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် **(THAN LWIN MOE MINING CO., LTD.)** အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၊ နံနက် (၁၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အမှတ် ၁၅၃၊ ပထမထပ် (ယာ) ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများကိုတင်ပြကာ ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

သန်းစိုးလင်း
[B. Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## IN THE MATTER OF THE MYANMAR COMPANIES ACT AND MYANMAR COLE & WIN COMPANY LIMITED NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206(1) & CLAIMS NOTICE

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at No.92, Min Thake Di Kyaw Swar Street, Hlaing Tharyar Industrial Zone (3), Yangon, Myanmar at 9:00 am on 7-7-2016, the following resolutions were passed as Special Resolutions:

Resolved -

(1) "that the Company, be, and is hereby decided to be wound up voluntarily".

(2) "that U Thein Htay, be, and is hereby appointed Liquidator of the Company for the purpose of such winding up and authorised to carry on the business of the Company to such extent and for such period as may be necessary for the voluntary winding up thereof and be granted such other powers as may be deemed fit or proper".

(3) Claim Notice is also hereby issued by liquidator:
I, the under signed Liquidator of the above named company, have fixed the date for liquidation at 7-8-2016. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

Daw Soe Soe Win
Director
Myanmar Cole & Win Co., Ltd.

U Thein Htay
Liquidator
Ph: 09-501-3375

## DIAMOND KING DRAGON SERVICES COMPANY LIMITED
## နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်၊
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၉း၀၀) နာရီ၊
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

U Kyu Sam
Managing Director
Diamond King Dragon
Services Company Limited

ဒေါ်စန္ဒာအေး
(B. Com, C. P. A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## DIAMOND KING DRAGON TRADING COMPANY LIMITED
## နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်၊
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၁ း ၃၀) နာရီ၊
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

U Kyu Sam
Managing Director
Diamond King Dragon
Trading Company Limited

ဒေါ်စန္ဒာအေး
(B. Com, C. P. A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## DIAMOND KING DRAGON CONSTRUCTION COMPANY LIMITED
## နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်၊
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နေ့လယ် (၁ း ၃၀) နာရီ၊
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

U Kyu Sam
Managing Director
Diamond King Dragon
Construction Company Limited

ဒေါ်စန္ဒာအေး
(B. Com, C. P. A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Myay Latt Marlar Co., Ltd.**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ (၅-၇-၂၀၁၆) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ် -၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၈-၈-၂၀၁၆) ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

U Zaw Min Tun
Managing Director
Myay Latt Marlar Co., Ltd.

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ်၊ ၁၇၅ (ပထမထပ်-ဝဲ)၊ ၄၈ လမ်း (အထက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

## ဗဟိုရွှေလီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန်ကြေညာချက်

၁။ ဗဟိုရွှေလီရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၇-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ (B.Sc, H.G.P, M.A (Business Law), PG Dip in Law (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ(နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးညီထွန်း
မန်နေးဂျင်းဒါရိုက်တာ
ဗဟိုရွှေလီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၈-၇-၂၀၁၆။